# **လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုဖြစ်ရပ်များနှင့်ပတ်သက်၍ အကူအညီပေးသည့် တယ်လီဖုန်းလိုင်း/ အီးမေးလ်မှတစ်ဆင့် တိုင်ကြားမှုများကို မှတ်တမ်းတင်ခြင်းနှင့် အရေးယူဆောင်ရွက်မှုများအတွက် စံလုပ်ထုံးလုပ်နည်းများ**

လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုသည် သည်းခံရမည့်အရာမဟုတ်ပါ။ ဤချိုးဖောက်မှုများ သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အသိအမှတ်ပြုထားသော နိုင်ငံတကာသတ်မှတ်ချက်များနှင့် စံနှုန်းများကိုချိုးဖောက်ပြီး မည်သည့်အခါမှလက်မခံနိုင်သော အပြုအမူများဖြစ်သည်။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့်မဖွယ်မရာပြုမှုသည် ထောက်ခံမှု၊ ဝန်ဆောင်မှုနှင့် အကာအကွယ်ပေးအပ်ထားသူများ၏ အခြေခံအခွင့်အရေးများကို ဖောက်ဖျက်ခြင်းဖြစ်ပါသည်။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာ ပြုမှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုပေးသူများက အကာအကွယ်ပေးရန် တာဝန်ရှိသည့် သက်ဆိုင်သူများအားအန္တရာယ်ဖြစ်စေပါသည်။ သူတို့ကိုဝန်ဆောင်မှုပေးသည့် အေဂျင်စီ အပေါ် အများကယုံကြည်ကိုးစားမှုကို ထိခိုက်စေပါသည်။ ထို့အပြင် ဝန်ဆောင်မှုပေးသူအားလုံး၏ ဂုဏ်သိက္ခာ၊ ၎င်းတို့၏ပံ့ပိုးမှုနှင့် အကာအကွယ်ပေးမှုများကိုပါ ထိခိုက်စေသည်။ မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ပါဝင်ဆောင်ရွက် နေသူများ၏ ပုဂ္ဂိုလ်ရေးနှင့် အတတ်ပညာရှင်ဆိုင်ရာအပြုအမူများသည် (အေဂျင်စီ/ဝန်ဆောင်မှု ပေးသူများ၏ ကျင့်ဝတ်စည်းမျဉ်းများအရ) အမြင့်ဆုံးနိုင်ငံတကာစံနှုန်းများနှင့်အညီ အချိန်တိုင်းတွင် ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ပါမည်။

ဤစံလုပ်ထုံးလုပ်နည်းများသည် မြန်မာနိုင်ငံရှိ COVID-19 အခြေအနေကိုတုန့်ပြန်ရန် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့်မဖွယ်မရာပြုမှု တားဆီးကာကွယ်ရေးမြန်မာနိုင်ငံကွန်ယက်အတွက် မူကြမ်းအဖြစ် ရေးဆွဲထားသည့် ကြားဖြတ်ဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။ ၎င်းသည် တယ်လီဖုန်း/ အီးမေးလ်လိပ်စာသို့ တိုင်ကြားလာမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အသုံးပြုနိုင်ရန်ရည်ရွယ်သည့် လုပ်ငန်းလမ်းညွှန်ဖြစ်ပါ သည်။ လက်ရှိကာလတွင် တိုင်ကြားမှုများကို တနိုင်ငံလုံးဆိုင်ရာ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေးမြန်မာနိုင်ငံကွန်ယက်၏ ညှိနှိုင်းရေးမှူးက World Vision ဝန်ထမ်းများနှင့်ပူးပေါင်း၍ (ဖုန်လက်ခံဖြေဆိုခြင်းကို World Vision ဝန်ထမ်းမှ ပြုလုပ်ပြီး ညှိနှိုင်းရေးမှူးမှ ကူညီ ဆောင်ရွက်ပါမည်။ အဆိုပါအစီအစဉ်ကို လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ် မရာပြုမှုတားဆီးကာကွယ်ရေးမြန်မာနိုင်ငံကွန်ယက်၏ နည်းပညာလုပ်ငန်းအဖွဲ့က ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် ပြန်လည်သုံးသပ်ပါမည်။

အဆိုပါ စံလုပ်ထုံးလုပ်နည်းများသည် အောက်ဖော်ပြပါမူများအပေါ် အခြေခံထားပါသည်-

၁။ ပူးပေါင်းဆောင်ရွက်ခြင်း

၂။ ပါဝင်ဆောင်ရွက်ခြင်း
၃။ ရှင်သန်ကျန်ရစ်သူကို ဗဟိုပြုချဉ်းကပ်ခြင်း
၄။ ခွဲခြားဆက်ဆံမှုမရှိခြင်း
၅။ လူမှုဖူလုံရေးနှင့် သာယာဝပြောရေး
၆။ ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွား
၇။ အသက်အရွယ်၊ ကျား/မ နှင့် ကွဲပြားမှုများအလိုက် ချဉ်းကပ်ခြင်း
၈။ လျှို့ဝှက်ထိန်းသိမ်းခြင်း
၉။ ပွင့်လင်းမြင်သာမှုရှိခြင်း
၁၀။ လက်လှမ်းမီမှုရှိခြင်း
၁၁။ မဖြစ်မနေတိုင်ကြား ခြင်း
၁၂။ အချက်အလက်များကိုထိန်းသိမ်း ကာအကွယ်ပေးခြင်း

၁။ တိုင်ကြားချက်များကို UNICEF/ PSEA အကူအညီတောင်းသည့်တယ်လီဖုန်းလိုင်းမှတစ်ဆင့် လက်ခံရရှိပါသည်။ အဆိုပါတယ်လီဖုန်းလက်ခံဖြေဆိုခြင်းကို World Vision ဝန်ထမ်းမှ မှတ်တမ်းလက်ခံမည်ဖြစ်သည် ။ တိုင်ကြားချက်များကို တယ်လီဖုန်း၊ စာ၊ Viber (သို့မဟုတ်) Whatsapp တို့မှတစ်ဆင့်လည်း ပေးပို့နိုင်ပါသည်။ ထို့အပြင် လိင်ပိုင်း ဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုဆိုင်ရာတိုင်ကြားချက်များကို ကုလသမဂ္ဂလူဦးရေရံပုံငွေ အဖွဲ့၏ မြန်မာကိုယ်စားလှယ်ရုံးထံသို့လည်း အီးမေးလ်ဖြင့်ပေးပို့နိုင်ပါသည်။ PSEA ညှိနှိုင်းရေးမှူး များက အဆိုပါတိုင်ကြားချက်အီးမေးလ်များကို လုပ်ထုံးလုပ်နည်းများအတိုင်း လက်ခံဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၂။ လက်ခံရရှိထားသည့် တိုင်ကြားချက်များကို PSEA ညှိနှိုင်းရေးမှူးက -

(က) ဆက်လက်ရှင်သန်သတင်းပေးသူများကို တိုင်ကြားမှုလုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် အချက်အလက်များ (မဖြစ်မနေအစီရင်ခံရန်တာဝန်နှင့် စွပ်စွဲချက်နှင့်ပတ်သက်ပြီး လျှို့ဝှက်ထိန်းသိမ်းမှုများအပါအဝင်) ကို အသိပေးပါလိမ့်မည်

(ခ) ဆက်လက်ရှင်သန်သူအတွက် အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာအပ်ချက်များကိုဖြစ်နိုင်သမျှ လေ့လာအကဲဖြတ်ပြီး အသိပေးသဘောတူညီမှုရရှိသည့် အချိန်တွင် သင့်လျော်သောအထောက်အပံ့ကိုပေးအပ်နိုင်သည့်အဖွဲ့အစည်းများထံ လွှဲပြောင်းပေးပို့ပါ။

(ဂ) Kobo Tool တွင် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေး မြန်မာနိုင်ငံကွန်ယက်၏ အစီရင်ခံစာမူဘောင်တွင်ပါဝင်သော တိုင်ကြားမှုလက်ခံသည့်ပုံစံကို ဖြည့်သွင်းပါ။

(ဃ) PSEA. Coordinator ကို အကြောင်းကြားခြင်း

PSEA. Coordinator မှ စွပ်စွဲခံရသူ၏ အဖွဲ့အစည်းကို သိရှိပါက သင့်လျော်သော အဖွဲ့အစည်းသို့ တိုင်ကြားစာကို ညွှန်းပို့ပါမည်။

၃။ အကယ်၍ စွပ်စွဲချက်သည် ကုလသမဂ္ဂဝန်ထမ်းများ၊ အခြားအကူအညီပေးရေးဝန်ထမ်းများနှင့် သက်ဆိုင်သည့်အကြောင်းအရာမဟုတ်ပါက အများပြည်သူဆိုင်ရာအရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ (ဒေသဆိုင်ရာ (သို့မဟုတ်) တိုင်းဒေသကြီး/ပြည်နယ်၏ ကျား/မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ ကိစ္စများအတွက် အကူအညီတောင်းခံနိုင်သည့်တယ်လီဖုန်းလိုင်းများ၊ ဥပဒေဆိုင်ရာအကူအညီပေးရေးကွန်ယက်၊ လူမှုဝန်ထမ်းဦးစီးဌာနတို့အပါအဝင်) ၏ သတင်းအချက်အလက်များကို တိုင်ကြားသူအား ပေးအပ်ပါမည်။

၄။ ဆက်လက်ရှင်သန်သူကို သေချာစွာကူညီထောက်ပံ့နိုင်ရန် PSEA ညှိနှိုင်းရေးမှူးသည် တိုင်ကြားသူကို သင့်လျော်သည့် ကျား/မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ (GVB) (သို့မဟုတ်) ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးအဖွဲ့ထံသို့ (အသိပေးသဘောတူညီမှုကိုရယူပြီးဖြစ်ပါက) ဖြစ်နိုင်သမျှမြန်မြန် လွှဲပြောင်းပေးရမည်။ ဥပမာ- အကယ်၍ သက်ဆိုင်ရာ PSEA တာဝန်ခံက ဝန်ဆောင်မှုပေးမည့် အဖွဲ့သို့လွှဲပြောင်းပေးရန် ကိုင်တွယ်ဆောင်ရွက်နေပြီဆိုပါက တိုင်ကြားသူကိုလွှဲပြောင်းပေးရန် မလိုပါ။ အကယ်၍ ထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲသတင်းအချက်အလက်များ လိုအပ်ပါက PSEA ညှိနှိုင်းရေးမှူးသည် GBV လုပ်ငန်းအဖွဲ့နှင့်/ (သို့မဟုတ်) ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး (CP) လုပ်ငန်းအဖွဲ့၏ တာဝန်ခံများနှင့် ဆက်သွယ်ရပါမည်။ အကယ်၍ CP သို့မဟုတ် GBV လုပ်ငန်းအဖွဲ့တာဝန်ခံနှင့် ၎င်း၏ထောက်ပံ့ရေးလုပ်ငန်းများမရှိခဲ့ပါက သက်ဆိုင်ရာကုလသမဂ္ဂအဖွဲ့အစည်းက ကုလသမဂ္ဂနစ်နာသူများကူညီစောင့်ရှောက်ရေးလုပ်ထုံး လုပ်နည်းများ (https://www.un.org/en/pdfs/UN_Victim_Assistance_Protocol_English_ Final.pdf.) နှင့်အညီ နစ်နာသူများကို အကူအညီနှင့် ထောက်ပံ့မှုပေးရန် တာဝန်ယူဆောင်ရွက်ရမည်။

၅။ အမှုတစ်ခုကို အသင့်လျော်ဆုံး PSEA တာဝန်ခံမှတဆင့် ဆက်သွယ်ရမည့်စာရင်းတွင်ပါဝင်သည့် အဖွဲ့အစည်းသို့လွှဲပြောင်းပေးပြီး (ကနဦးတွင် မည်သူမည်ဝါဖြစ်ကြောင်းမဖော်ထုတ်နိုင်သော သတင်းအချက်အလက်များကိုမျှဝေထားပြီး) PSEA ညှိနှိုင်းရေးမှူးသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်နှင့် အဖွဲ့အစည်းအတွင်းမှ ကာကွယ်စောင့်ရှောက်ရေးနှင့်ဆိုင်သည့်လုပ်ငန်းအဆင့်များကို PSEA တာဝန်ခံနှင့် ညှိနှိုင်း၍ ဆက်လက်လုပ်ဆောင်ရပါမည်။

၆။ အဖြစ်အပျက်၊ တိုင်ကြားသူ နှင့်/သို့မဟုတ် စွပ်စွဲခံရသူ၏ သဘောသဘာဝနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုမတွေ့ရပါက ယင်းတိုင်ကြားမှုများသည် လွှဲပြောင်းပေးရန် (သို့မဟုတ်) စုံစမ်းစစ်ဆေးမှုကို အပြည့်အဝဆက်လက်လုပ်ဆောင်ရန် အာမခံချက်မရှိသည့်အတွက် တိုင်ကြားမှုများကို အနိမ့်ဆုံးဦးစားပေးအဆင့်အဖြစ် သတ်မှတ်ပါမည်။ PSEAကျွမ်းကျင်သူအဖွဲ့သည် စိုးရိမ်ပူပန်မှုများတိုင်ကြားမှုများအား အခြားနည်းလမ်းများဖြင့် (ဥပမာ- အဖွဲ့အစည်းအတွင်းလျော့တိလျော့ရဲဖြစ်နေသည့်အလေ့အကျင့်များ ပပျောက်ရန် သင်တန်းပေးခြင်း၊ လုပ်ငန်းအစီအစဉ်များပြောင်းလဲသတ်မှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲ ခြင်း) ဖြေရှင်းရန် ဆုံးဖြတ်နိုင်ပါသည်။

၇။ အကယ်၍ တိုင်ကြားချက်တွင် အခြားအစိုးရဝန်ထမ်းများ (သို့မဟုတ်) စစ်ဘက်ဝန်ထမ်းများ (သို့မဟုတ်) ဝန်ထမ်းမဟုတ်သူများပါဝင်ပါက လုပ်ငန်းစဉ်များဆက်လက် လုပ်ဆောင်နိုင်ရန် PSEA ညှိနှိုင်းရေးမှူးက UNICEF ၏ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၊ UNFPA GBV PSEA အဖွဲ့များထံသို့ လွှဲပြောင်းပေးရပါမည်။ အကယ်၍ ရှင်သန်ကျန်ရစ်သူ၏ သဘောတူညီမှုရှိခဲ့လျှင် ဆက်လက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များတွင် ၎င်းအတွက် ကျား/မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းနှင့် တာဝန်ခံမှုများ ပါဝင်ရပါမည်။

၈။ တိုင်ကြားမှုသည် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုနှင့် မသက်ဆိုင်ကြောင်းပေါ်ပေါက်လာပါက ကျူးလွန်ကြောင်းစွပ်စွဲခံရသူနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းထံသို့ အဆိုပါအမှုကို လွှဲပြောင်းပေးရမည်။ အကယ်၍လူသားချင်းစာနာထောက်မှုဖြစ်ရပ်နှင့်စပ်လျဉ်းပါက နောက်ဆက်တွဲ လုပ်ငန်းစဉ်များအတွက် GBV လုပ်ငန်းအဖွဲ့ (သို့မဟုတ်) ကလေးသူငယ်ကာကွယ်ရေးလုပ်ငန်းအဖွဲ့ များက ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အကယ်၍ တိုင်ကြားချက်သည် အမှန်တကယ် တွင် SEA ကိစ္စမဟုတ်ဘဲ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့်မသက်ဆိုင်သည့် အခြေအနေ တွင် ဖြစ်ပွားခဲ့ပါက၊ အသက်ဆိုင်ဆုံးဝန်ဆောင်မှုပေးသူ (အစိုးရ သို့မဟုတ် NGO) သို့ အမှုအား လွှဲပြောင်းပေးရမည်။

၉။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုဆိုင်ရာ အမှုများကို တရားဝင်တရားစွဲဆိုမှုများ ပြုလုပ်နိုင်ရန် စုံစမ်းစစ်ဆေးမှုအာဏာပိုင်များထံသို့ လွှဲပြောင်းရန် ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးတန်းစီမံခန့်ခွဲသူက အကဲဖြတ်၍ ဆုံးဖြတ်ပါမည်။

၁၀။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုအပါအဝင် လက်မခံနိုင်သောအပြုအမူများကို တိုင်ကြားခြင်း၊ တရားမဝင်ချိုးဖောက်မှုဟုစွပ်စွဲချက်များနှင့် ပတ်သက်သည့် သတင်း အချက်အလက် များကိုယုံကြည်စွာဖြင့် ဖြည့်ဆည်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

စုံစမ်းစစ်ဆေးမှုတွင်ပါဝင် ဆောင်ရွက်ခြင်း များကိုပြုလုပ်ခဲ့ပြီး ကုလသမဂ္ဂနှင့်အကူအညီပေးရေးအေဂျင်စီများနှင့် တိုက်ရိုက်စာချုပ်ချုပ်ဆိုထား သည့် မည်သည့်ပုဂ္ဂိုလ်မဆို သက်ဆိုင်ရာရုံးများမှ ကာကွယ်စောင့်ရှောက်မှုကိုရရှိရန် အကျုံးဝင်ပါ သည်။

၁၁။ အချက်အလက်များကို အကာအကွယ်ပေးခြင်း- လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု/ လိင်ပိုင်းဆိုင်ရာကိုယ်ထိလက်ရောက်ကျူးလွန်မှုဖြစ်ရပ်များနှင့် ပတ်သက်သောအချက်အလက်များ အားလုံးကို မှတ်တမ်းတင်ရာတွင် စာရွက်စာတမ်းများကိုအသုံးမပြုဘဲ KOBO ဆော့ဖ်ဝဲကိုအသုံးပြုရ မည်။ သတင်းအချက်အလက်များကို စကားဝှက်များ အသုံးပြုထားသည့် လျှို့ဝှက်စာရွက်စာတမ်း များကို အသုံးပြု၍ အဖွဲ့အစည်းတွင်းသတင်းပို့ခြင်းပုံစံမှတဆင့် ပေးပို့ရမည်ဖြစ်ပြီး အဆိုပါဖြစ်စဉ်အတွက် တိုက်ရိုက်ဆောင်ရွက်နေသည့် ဝန်ထမ်းများကိုသာ မိတ္တူပေးရာတွင် ပါဝင်စေရမည်။ မည်သူမည်ဝါ ဖြစ်ကြောင်းသိရှိနိုင်မည့် ဖြစ်စဉ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ (ကိုယ်ရေးရာဇဝင်အချက်အလက်များ) ကို အီးမေးလ်များဖြင့် ပေးပို့ခြင်းမပြုလုပ်ရပါ။

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

**လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုမှု** ဆိုသည်မှာ အတင်းအကြပ် (သို့မဟုတ်) အားချင်းမမျှတ (သို့မဟုတ်) အကျပ်ကိုင်မှု/နိုင်ထက်စီးနင်းအခြေအနေများတွင် လိင်နှင့်ပတ်သက်သည့် ရုပ်ပိုင်းဆိုင်ရာ ကျူးလွန်ရန်ခြိမ်းခြောက်ခြင်းသို့မဟုတ်~~်မှုကို~~ အမှန်တကယ် ကျူးလွန်ခြင်းဖြစ်သည်။

**လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း** ဆိုသည်မှာ လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်များဖြင့် ထိခိုက်လွယ်သည့် အနေအထား၊ ကွဲပြားခြားနားသည့်အင်အား (သို့မဟုတ်) ယုံကြည်မှုကို အလွဲသုံးစားပြုခြင်းနှင့် သူတစ်ပါးအပေါ် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ပြီး ငွေကြေး (သို့မဟုတ်) လူမှုရေး (သို့မဟုတ်) နိုင်ငံရေး အရ အမြတ်ထုတ်ခြင်းတို့အပါအဝင်ဖြစ်သော်လည်း ဤမျှနှင့် ကန့်သတ်မထားသည့် အမှန်တကယ် ကျူးလွန်မှု ဖြစ်ပါသည်။

**နစ်နာသူ/ရှင်သန်ကျန်ရစ်သူ** ဆိုသည်မှာ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာ ပြုခြင်းခံခဲ့ရသူ ဖြစ်ပါသည်။

**ပြစ်မှုကျူးလွန်သူ** ဆိုသည်မှာ လူတစ်ဦး (သို့မဟုတ်၊ လူတစ်စု) လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း (သို့မဟုတ်) မဖွယ်မရာပြုခြင်းကို ကျူးလွန်သူကို ခေါ်ပါသည်။

**ကလေး** ဆိုသည်မှာ  ဒေသအလိုက် (သို့မဟုတ်) နိုင်ငံ၏ဥပဒေအရ အရွယ်ရောက်ပြီးသူဟု သတ်မှတ်သည့် အသက်အရွယ်နှင့် သဘောတူခွင့်ပြုခြင်းတို့ မည်သို့ပင်ရှိစေကာမူ အသက် (၁၈) နှစ် အောက်ရှိသူကို ခေါ်ပါသည်။

**လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့်မဖွယ်မရာပြုမှု** များကြောင့်မွေးဖွားလာသော ကလေးများဆိုသည်မှာ တရားဝင်ခန့်အပ်ထားသည့်နိုင်ငံတော်အဆင့်အာဏာပိုင်အဖွဲ့များ၏တွေ့ရှိချက်များအရ ကုလသမဂ္ဂဝန်ထမ်းများနှင့် ကုလသမဂ္ဂနှင့်နှီးနွယ်သောလုပ်ငန်းရှိန်ထမ်းများ (သို့မဟုတ်) လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်အရဖြင့် တာဝန်ထမ်းဆောင်နေသောကုလသမဂ္ဂမဟုတ်သောတပ်ဖွဲ့များက လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် အလွဲသုံးစားမှုပြုမှု များကြောင့် မွေးဖွားလာသောကလေးများ ဖြစ်သည်။

တိုင်ကြားချက်ပုံစံနှင့် UNHCR kobo Tools များကို အသုံးပြု၍ လက်ခံရရှိသည့်တိုင်ကြားချက်

PSEA ညှိနှိုင်းရေးမှူးက တိုင်ကြားချက်များကို လေ့လာအကဲဖြတ်ပါ

တိုင်ကြားချက် အသေးစိတ်ကို သိရှိခြင်း မရှိပါ။

အခြေအနေများကို အကဲဖြတ်ရန် တွေ့ဆုံပါ။

တိုင်ကြားချက် အသေးစိတ်ကို သိရှိပါသည်။

ဆက်လက်ရှင်သန်သူသည် အထောက်အပံ့ လိုအပ်ပါသလား။

ဆက်လက်ရှင်သန်သူအား အထောက်အပံ့ပေးသည့် ယန္တရားထံသို့ လွှဲပြောင်းပါ။

PSEA တာဝန်ခံမှတဆင့် သက်ဆိုင်ရာ အဖွဲ့အစည်းသို့ လွှဲပြောင်းပါ။

တရားဝင်စုံစမ်းစစ်ဆေးမှုကိုအေဂျင်စီ အဆင့်တွင်စတင်ခဲ့သည်။

စုံစမ်းစစ်ဆေးမှုကို အေဂျင်စီမှ ဆောင်ရွက်ပြီးစီးသည် (PSEA ညှိနှိုင်းရေးမှူးက လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သည်)

အစိုးရ (သို့မဟုတ်) UN (သို့မဟုတ်) NGO ဝ န်ထမ်းများနှင့်ပတ်သက်ပါက ၊ UNICEF CP၊ UNFPA GBV သို့ လွှဲပြောင်းပေးရ မည်။